# ကရင်အရေးပေါ်ကူညီကယ်ဆယ်ရေးကော်မတီ

# လယ်ဒိုမြို့နယ်

နေ့စွဲ-၁၄/၈/၂၀၂၄

***ဇွန်လ(၁)ရက်နေ့မှဇူလိုင်လ(၃၁)ရက်နေ့ နှစ်လအတွင်း အကြမ်းဖက်စစ်ကောင်စီမှ လယ်ဒိုမြို့နယ်အတွင်း လူ့အခွင့်အရေးချိုးဖောက်မှုများအပေါ်သဘောထားထုတ်ပြန်ချက်***

(၁) မိမိတို့လယ်ဒိုမြို့နယ်ကရင်အရေးပေါ်ကူညီကယ်ဆယ်ရေးကော်မတီသည် အကြမ်းဖက်စစ်ကောင်စီမှ မတရားအာဏာသိမ်းယူပြီးသည့်အချိန်မှစ၍ ယနေ့ထိအခြေခံလူ့အခွင့်အရေးချိုးဖောက်ခံနေရသည့် ပြည်သူလူထုများအားအစဉ်တစိုက် ဘက်ပေါင်းစုံမှပြည်သူလူထုနှင့် အတူတကွကူညီရပ်တည်ဆောင်ရွက်လျက်ရှိပါသည်။

(၂) အကြမ်းဖက်စစ်ကောင်စီသည် ဇွန်လ (၁) ရက်နေ့မှ ဇူလိုင်လ (၃၁) ရက်နေ့အထိ ပြည်သူလူထုများ နေထိုင်သည့်ကျေးရွာများအတွင်းသို့လေယာဉ်၊လက်နက်ကြီး၊လက်နက်ငယ်၊ဒရုန်းဖြင့်ပစ်ခတ်သည့်အပြင်ကျေးရွာ နေပြည်သူများအား အဓမ္မဖမ်းဆီးခြင်း၊ ထောင်ချခြင်း၊ ငွေကြေးတောင်းခံခြင်း၊ မတရားစစ်မှုထမ်းစေ ခြင်းများ အစဉ်တစိုက်ပြုလုပ် လျက်ရှိသည်။

(က) လယ်ဒိုမြို့နယ်အတွင်းသို့ ဇွန်လ(၁)ရက်နေ့မှဇူလိုင်လ(၃၁)ရက်နေ့အထိ အာဏာသိမ်း အကြမ်းဖက်စစ်ကောင်စီမှ ကျေးရွာအတွင်းသို့ ရည်ရွယ်ချက်ရှိရှိ ဒရုန်းဖြင့်(၁၁)ကြိမ်ပစ်ခတ်ခဲ့သည့်အပြင် လက်နက်ကြီးစုစုပေါင်း (၂၈၀)လုံး ပစ်ခတ်ခဲ့သည်။ ပြည်သူလူထုကိုပစ်မှတ်ထား၍ ပစ်ခတ်မှုကြောင့် အပြစ်မဲ့ပြည်သူအမျိုးသမီး(၁)ဦး၊အမျိုးသား(၈)ဦးသေဆုံးပြီး ကျန်အမျိုးသမီး(၄)ဦးနှင့်အမျိုးသား(၇)ဦး မှာ ပြင်းထန်စွာ ထိခိုက်ဒဏ်ရာရရှိခဲ့သည့်အပြင် လူနေအိမ်(၁၁)လုံး၊ စာသင်ကျောင်း(၁)ကျောင်းနှင့် ခရစ်ယာန်ဘုရားကျောင်း(၁)လုံး၊ ဘုန်းကြီးကျောင်း(၁)ကျောင်း ထိခိုက်ပျက်စီးခဲ့ပြီး နွား(၂)ကောင်ထိ မှန်သေဆုံးခဲ့သည်။ ထို့ပြင်ပြည်သူလူထုထံမှ ဆိုင်ကယ်(၁)စီး၊ဖုန်း(၅)လုံးအား အတင်းအဓမ္မယူဆောင်ပြီး မြို့အတွင်းသို့ဈေးဝယ်ရန်သွားသည့် အပြစ်မဲ့ပြည်သူအမျိုးသား(၃)ဦးအား ဖမ်းဆီးခဲ့သည်။

(ခ) ယခုလက်ရှိတွင်လည်း သဘာဝဘေးအန္တရာယ်များဖြစ်သည့် ရေကြီးရေလျှံမှုကြောင့် လယ်ဒိုမြို့နယ် အတွင်းရှိ ပြည်သူလူထုများမှပညာရေး၊ကျန်းမာရေး၊စီးပွားရေးအစရှိသော လူမှုဘဝလုံခြုံမှုများ ခက်ခဲစွာ ကြုံတွေ့နေရပါသည်။ ထိုရေကြီးရေလျှံမှုကြောင့် ကျေးရွာ(၁၁၄)ရွာမှ အိမ်ခြေ(၁၃၇၄၄)လုံးရှိ လူဦးရေ စုစု ပေါင်း(၇၀၀၆၈)ဦးမှရေဘေးသင့်ခဲ့ရပါသည်။

(၃) သို့ဖြစ်ပါ၍ မိမိတို့လယ်ဒိုမြို့နယ် ကရင်အရေးပေါ်ကူညီကယ်ဆယ်ရေးကော်မတီမှ နိုင်ငံတကာအဖွဲ့ အစည်းများနှင့်ပြည်တွင်းပြည်ပကရင်လူမှုအဖွဲ့အစည်းများ၊လူပုဂ္ဂိုလ်များအား အောက်ပါအချက်များအားဆောင် ရွက်ပေးကြပါရန်တောင်းဆိုအပ်ပါသည်။

(က)ပြည်သူလူထုအပေါ်ပစ်မှတ်ထားအကြမ်းဖက်တိုက်ခိုက်နေသော အကြမ်းဖက်အာဏာသိမ်းစစ်တပ် နှင့်၎င်းအကြမ်းဖက်မှုကို အားပေးအားမြှောက်ပြုနေသော မည်သည့်အဖွဲ့အစည်းလူပုဂ္ဂိုလ်ကိုမဆို

ပြင်းထန်စွာရှုံ့ချပြီး အကြမ်းဖက်မှုများအား ကျူးလွန်ခြင်း၊ အားပေးလှုံ့ဆော်နေခြင်းများကို ရပ်တန့်ရပ်ရန်တောင်းဆိုသည်။

(ခ)အကြမ်းဖက်လုပ်ရပ်များ တိုက်ရိုက်ခံစားနေရသော ပြည်သူလူထုများနှင့်စစ်ရှောင်ပြည်သူလူထုများ၏ လုံခြုံရေးနှင့်စားဝတ်နေရေး၊ ကျန်းမာရေး၊ ပညာရေးအစရှိသော လိုအပ်နေမှုများကို လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများပေးအပ်ရန် ပြည်တွင်းပြည်ပအဖွဲ့အစည်းများအား မေတ္တာရပ်ခံအပ်ပါသည်။

(ဂ) အကြမ်းဖက်စစ်တပ်၏ ပြည်သူလူထုများနေထိုင်သည့်ကျေးရွာအတွင်းသို့ လေယာဉ်၊ လက်နက်ကြီး၊ဒရုန်းဖြင့်ရည်ရွယ်ချက်ရှိရှိပစ်ခတ်မှုများအားချက်ချင်းရပ်ဆိုင်းရန်တောင်းဆိုပါသည်။

(ဃ) ပြည်တွင်းပြည်ပမှအစိုးရများနှင့်လူမှုအဖွဲ့အစည်းအသီးသီးမှ နိုင်ငံတကာလူ့အခွင့်အရေး ကြေညာစာတမ်းအပေါ်အခြေခံ၍ စစ်ကောင်စီမှ ပြည်သူလူထုအပေါ် ပစ်မှတ်ထားအကြမ်းဖက် တိုက်ခိုက်မှုများအား ချက်ချင်းရပ်တန့်ရန်နှင့်ပိုမိုထိရောက်သည့်ဖိအားပေးမှုများပြုလုပ်ပေးပါရန် တောင်းဆိုအပ်ပါသည်။

(င)ဘေးအန္တရာယ်ပေါင်းစုံကြုံတွေ့နေရသော ပြည်သူလူထုများအားဘက်ပေါင်းစုံမှကူညီပံ့ပိုးပေးသောအဖွဲ့အစည်းများကျေးဇူးတင်လျက် အပြန်အလှန်ဖေးမကူညီရင်း ကြံ့ကြံ့ခံ ဆက်လက်ရပ်တည်သွားရန်တိုက်တွန်းနှိုးဆော်အပ်ပါသည်။

(၄) မိမိတို့လယ်ဒိုမြို့နယ်ကရင်အရေးပေါ်ကူညီကယ်ဆယ်ရေးကော်မတီသည်အခြေခံလူ့အခွင့်အရေးချိုးဖောက်ခံနေရသော ပြည်သူလူထုနှင့်အတူတကွရပ်တည်ပြီး ပြည်သူလူထု၏လိုအပ်ချက်များကို တတ်စွမ်းသလောက် ပူးပေါင်းပါဝင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

**ကရင်အရေးပေါ်ကူညီကယ်ဆယ်ရေးကော်မတီ**

**လယ်ဒိုမြို့နယ်**

**ဆက်သွယ်ရန်–**

**– +၉၅၉၈၈၉၀၅၀၇၄၄**